ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
သစ်တောမြေများတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့်
ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများအတွက်
စိတ်ဝင်စားကြောင်းအဆိုပြုလွှာ (Expression Of Interest-EOI) ခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော တိုင်းဒေသကြီး/ပြည်နယ်(၈)ခုရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေ (၂၅၉၆၈၀) ဧကကို ဧရိယာ(၁၀၀၀) ဧကနှင့်အထက် လုပ်ကွက်များသတ်မှတ်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိကသစ်တော စိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ၊ လုပ်ကိုင်လိုသည့် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအား စိတ်ဝင်စားကြောင်း အဆိုပြုလွှာ တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။
၂။ စိတ်ဝင်စားကြောင်းအဆိုပြုလွှာများအား (၂၃-၁၀-၂၀၁၄) ရက်နေ့ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊ နေပြည်တော်သို့ အရောက်တင်သွင်းရမည်ဖြစ်ပြီး (၂၄-၁၀-၂၀၁၄) ရက်နေ့ ၀၉:၃၀ နာရီအချိန်၌ ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊ နေပြည်တော်တွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့်ပတ်သက်၍ တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပွဲကျင်းပမည် ဖြစ်ပါသည်။
၃။ စိတ်ဝင်စားကြောင်းအဆိုပြုလွှာပုံစံကို အင်တာနက်ဝက်ဆိုက် www.fdmoecaf.gov.mm/newdesign တွင် download ပြုလုပ်၍လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် နေပြည်တော် ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်၊ ညွှန်ကြားရေးမှူးချုပ်ရုံး များတွင် လည်းကောင်း ရယူနိုင်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူးချုပ်ရုံး၊ တယ်လီဖုန်းအမှတ်- ၀၆၇-၄၀၅၁၁၁၊ ၄၀၅၁၁၉၊ ၄၀၅၃၉၉၊ ၄၀၅၀၁၉ နှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

သစ်တောဦးစီးဌာန

သို့

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

သစ်တောဦးစီးဌာန၊ဦးစီးရုံးချုပ်

နေပြည်တော်

ရက်စွဲ၊

အကြောင်းအရာ။ **ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရန် "စိတ်ဝင်စားကြောင်း အဆိုပြုလွှာ" တင်းသွင်းခြင်း။**

ကျွန်တော်/ကျွန်မ/ ကုမ္ပဏီ/ အဖွဲ့အစည်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော သစ်တောမြေတွင် နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်လိုပါကြောင်း အဆိုပြုလွှာ တင်သွင်းအပ်ပါသည်။

| | |
|---|---|
| လက်မှတ် | ------------------ |
| အမည် | ------------------ |
| မှတ်ပုံတင်အမှတ် | ------------------ |
| ရာထူး/အလုပ်အကိုင် | ------------------ |
| ကုမ္ပဏီ/အဖွဲ့အစည်း | ------------------ |
| ဆက်သွယ်ရန်လိပ်စာ | ------------------ |
| ဖုန်းနံပါတ် | ------------------ |
| ဖက်စ်/အီးမေးလ် | ------------------ |